Message Eight

မသဲစာစောင်ရှိ အရာအားလုံးပါဝင်သော ခရစ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

ဖတ်ရန်ကျမ်း။ ။ မ၂း၁-၂။ ၃း၁၁။ ၄း၁-၁၆။ ၈း၂၀။ ၁၆း၁၆။ ၂၁း၅

I. ခရစ်တော်သည် ကောင်းကင်ဆိုင်ရာရှင်ဘုရင်ဖြစ်သည် - မ၂း၁-၂။ ၂၁း၅။

A. မသဲက ယေရှုခရစ်သည် ရှင်ဘုရင်ဖြစ်ကြောင်း၊ ဓမ္မဟောင်းတွင် ပရောဖက်ပြုထားသည့် မရှိယဖြစ်ကြောင်း သက်သေပြထားသည် - ၁း၁၊ ၁၇။ ၂း၁-၂။ ၂၇း၁၁၊ ၃၇။

B. ကောင်းကင်ဆိုင်ရာရှင်ဘုရင်သည် မောက်မာသော ခမ်းနားထည်ဝါမှု၌ ကြွလာခြင်းမဟုတ်ဘဲ၊ နူးညံ့သော၊ နှိမ့်ချသော နူးညံ့ညင်သာမှုဖြင့် ကြွလာခြင်း ဖြစ်သည် - ၂၁း၅။

II. သခင်ယေရှုသည် ထိုခရစ်တော်၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော် ဖြစ်သည် - ၁၆း၁၆။

A. *ထိုခရစ်တော်* ဟူသည်မှာ ဘုရားသခင်၏ ဘိသိက်ခံရသောအရှင်နှင့် ကိုယ်တော်၏ ကားတိုင်မှာအသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းတို့မှတစ်ဆင့် ဘုရားသခင်၏ထာဝရအကြံအစည်တော်ကို ပြီးမြောက်စေရန် သခင်ဘုရား၏ ခန့်အပ်စေခိုင်းခံရခြင်းကို ရည်ညွှန်းနေသည် - အငယ်၊၂၁၊ ၂၇။

B. *အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်* ဟူသည်မှာ ကိုယ်တော်၏ ပုဂ္ဂိုလ်တော်ကို ရည်ညွှန်းပြီး၊ သုံးပါးတစ်ပါး ဘုရား၏ အပြည့်အဝ ထင်ရှားခြင်းအတွက် ခမည်းတော်ကို ကိုယ်ထင်ရှား၍၊ ဝိညာဉ်တော်၌ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည် - ယော၁၇း၁၀-၁၁က။ ၁ကော၁၅း၄၅ခ။

III. ခရစ်တော်သည် လူ၏ သားတော် ဖြစ်သည် - မ၈း၂၀။ ၁၁း၁၉။ ၁၃း၃၇။ ၁၆း၁၃။

A. ခရစ်တော်သည် ဘုရားသခင်၏ အုပ်စိုးခြင်းအခွင့်အာဏာကို မြေကြီးပေါ် ဆောင်ကြဉ်းပေးသောသူ ဖြစ်ပြီး၊ ဘုရားသခင်၏ နာမတော်ကို မြေကြီးပေါ် ဘုန်းကြီးစေသောသူ ဖြစ်သည် - ဓူး၆။ ၁း၈။ ၁၃း၄၁။ ၁၆း၂၇-၂၈။

B. ကောင်းကင်များ၏ နိုင်ငံတော် တည်ထောင်နိုင်စေရန်အတွက်၊ သခင်ယေရှုသည် အောင်နိုင်သောလူသားအဖြစ် ရပ်တည်ခဲ့သည် - ၄း၄။ ၁၂း၄၀။ ၂၆း၆၄။

IV. ခရစ်တော်သည် ဗတ္တိဇံပေးသောသူ ဖြစ်သည် - ၃း၁၁။

A. ကိုယ်တော်၏ရွေးနုတ်ခြင်းအပေါ် အခြေခံသော သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံပေးခြင်းသည် ကောင်းကင်များ၏ နိုင်ငံတော်ကို အစပြုခဲ့ပြီး၊ ကိုယ်တော့်ယုံကြည်သူများကို ကောင်းကင်များ၏နိုင်ငံတော်ထဲသို့ ခေါ်ဆောင်သည် - အငယ်၊၁၂က။

B. ကိုယ်တော်၏ တရားစီရင်ခြင်းအပေါ် အခြေခံသော မီး၌ ဗတ္တိဇံပေးခြင်းသည် ကောင်းကင်များနိုင်ငံတော်ကို အဆုံးသတ်စေမည်ဖြစ်ပြီး၊ မယုံကြည်သူများကို ငရဲမီးအိုင်ထဲသို့ ရောက်ရှိစေမည်ဖြစ်သည် - အငယ်၊၁၂ခ။

V. ခရစ်တော်သည် သေခြင်းတရား၏ မှောင်မိုက်ထဲတွင် ထွန်းလင်းနေသော အသက်၏အလင်းဖြစ်တော်မူသည် - ၄း၁၂-၁၆။

A. ကောင်းကင်များ၏ နိုင်ငံတော်အတွက် ခရစ်တော်၏ အမှုတော်သည် မြေကြီးဆိုင်ရာအာဏာဖြင့် စတင်ခဲ့ခြင်းမဟုတ်ဘဲ၊ ကောင်းကင်ဆိုင်ရာ အလင်းဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။

B. သခင်ယေရှုသည် လူပ်ရှားမှုတစ်ခု သို့မဟုတ် တော်လှန်ရေးတစ်ခုကို စတင်ခဲ့ခြင်းမဟုတ်ပါ။ ယင်းအစား၊ ကိုယ်တော်သည် ကောင်းကင်များ၏ နိုင်ငံတော် တည်ထောင်ရန်အတွက် တပည့်တော်များကို ကြီးမြတ်သောအလင်းအဖြစ် သူကိုယ်တော် တိုင်ထံသို့ ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။

VI. နိုင်ငံတော်အတွက် လူများကို ကိုယ်တော့်နောက်သို့လိုက်ရန် ခေါ်ယူရာတွင်၊ ခရစ်တော်သည် သမားတော်တစ်ဦးအဖြစ် အမှုဆောင်ခဲ့ပြီး မိမိကိုယ်ကို မင်္ဂလာဆောင်သတို့သားအဖြစ် ဖော်ပြခဲ့သည် - ဓူး၉-၁၅။

A. ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကုသပေးရန်နှင့် အသက်ရှင်သန်စေရန်အတွက် သမားတော်တစ်ဦးအဖြစ် ကြွလာခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကောင်းကင်များ၏ နိုင်ငံတော်သားများအဖြစ် ပြန်လည်စေ့စပ်ထုံဖွဲ့နိုင်မည်ဖြစ်သည် -အငယ်၊၉-၁၃။

B. ကိုယ်တော်၏ မျက်မှောက်တော်၌ အသက်ရှင်ခြင်း၏ မွေ့လျော်ဝမ်းမြောက်မှုကို ခံစားရရှိနိုင်ရန်အတွက် ကိုယ်တော်ကို မင်္ဂလာဆောင် သတို့သားအဖြစ် ကျွန်ုပ်တို့ တန်ဖိုးထားလေးမြတ်ရန် လိုအပ်သည် - အငယ်၊၁၄-၁၅။

VII. ခရစ်တော်သည် အဝတ်သစ်ပြုလုပ်ရန်အတွက် အသစ်သော ပိတ်စဖြစ်သည် - အငယ်၊၁၆။ လု၊၅း၃၆။

A. ကိုယ်တော်၏ လူ့ဇာတိခံယူခြင်းမှသည် လက်ဝါးကပ်တိုင်ပေါ်အသေခံသည်အထိ၊ ကိုယ်တော်သည် အဝတ်သစ်ပြုလုပ်ရန် အတွက် အသစ်သော ပိတ်စ ဖြစ်ခဲ့သည်။

B. ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်၊ ခရစ်တော်သည် ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့ကို ဖုံးအုပ်ပေးရန် အဝတ်သစ် ဖြစ်လာခဲ့သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အပြစ်လွှတ်ခြင်းကို ခံရပြီး ကိုယ်တော်၏ လက်ခံမှုကို ရရှိနိုင်မည်ဖြစ်သည် - ၁ဂျ၂၂။ ဂလ၊၃း၂၇။ ၁ကော၊၁း၃၀။

VIII. တစ်ဦးချင်းဆိုင်ရာခရစ်တော်သည် စပျစ်ရည်သစ်ဖြစ်ပြီး၊ စုပေါင်းခြင်းအနေဖြင့် ခရစ်တော်သည် သစ်လွင်သော စပျစ်ရည်ဘူးဖြစ်သည် - မ၊ဧး၁၇။

A. စပျစ်ရည်သစ်သည် အသက်တာအသစ်ဖြစ်သော၊ အားမာန်အပြည့်ဖြစ်သော၊ လူတို့အား စိတ်လှုပ်ရှားနိုးထစေပြီး ကျေနပ်အားရစေသော တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကို ပုံဆောင်သည်။

B. သစ်လွင်သော စပျစ်ရည်ဘူးသည် စပျစ်ရည်အသစ်ထည့်ခံရာ အပြင်ပန်းထည့်စရာဖြစ်သော စုပေါင်းထားသည့် ခရစ်တော်ကို ပုံဆောင်သည် - ၁ကော၊၁၂း၁၂။

IX. ခရစ်တော်သည် သိုးထိန်းနှင့် ရိတ်သိမ်းခြင်း၏ အရှင်သခင်ဖြစ်သည် - မ၊ဧး၃၅-၃၈။

A. ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ နိုင်ငံတော်တည်ထောင်ခြင်းအတွက် ကိုယ်တော်၏အမှုတော်၌ သခင်ယေရှုသည် သိုးထိန်းတစ်ဦးအဖြစ် အမှုဆောင်ခဲ့သည် - အငယ်၊၃၅-၃၆။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ရိတ်သိမ်းခြင်း၏ အရှင်သခင်အဖြစ် မြင်တွေ့ပါက၊ ကိုယ်တော်၏ ရိတ်သိမ်းရာလယ်ပြင်သို့ လုပ်သားများကို စေလွှတ်ပေးရန် ကိုယ်တော့်ထံ အသနားခံဆုတောင်းကြလိမ့်မည် - အငယ်၊၃၇-၃၈။

X. ခရစ်တော်သည် အပြစ်သားတို့၏ မိတ်ဆွေနှင့် ဘုရားသခင်၏ ဉာဏ်ပညာဖြစ်သည် - ၁၁း၁၉။

A. အပြစ်သားတို့၏ မိတ်ဆွေအဖြစ် ခရစ်တော်သည် သူတို့၏ ပြဿနာများကို ကိုယ်ချင်းစာပြီး၊ သူတို့၏ ဝမ်းနည်းပူဆွေးမှုကို ထိတွေ့ခံစားမိသည် - အငယ်၊၁၉က။

B. ခရစ်တော်ပြုသမျှ အရာတိုင်းသည် ကိုယ်တော်တိုင်ဖြစ်တော်မူသည့် ဘုရားသခင်၏ ဉာဏ်ပညာဖြင့် ပြုခဲ့ခြင်းဖြစ်သည်၊ ဤဉာဏ်ပညာကို ကိုယ်တော်၏ ပညာရှိသော အမှုတော်များဖြင့် သက်သေထူခဲ့သည် - အငယ်၊၁၉ခ။ ၁ကော၊၁း၂၄၊ ၃၀။

XI. ခရစ်တော်သည် နားခိုခြင်းကို ပေးသောသူဖြစ်သည် - မ၊၁၁း၂၈-၃၀။

A. သခင်ဘုရား၏ထမ်းပိုးကို ထမ်းခြင်းဆိုသည်မှာ ခမည်းတော်၏ အလိုတော်ကို ခံယူခြင်းနှင့် ခမည်းတော်၏ အလိုတော်အတိုင်း ထိန်းကျောင်းခြင်း ခံရခြင်း ဖြစ်သည် - အငယ်၊၂၉။ ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈။

B. သခင်ဘုရားသည် ခမည်းတော်၏ အလိုတော်နှင့် အမြဲကျေနပ်နှစ်သိမ့်သောကြောင့်၊ ကိုယ်တော်၏ စိတ်နှလုံး၌ အမြဲ ငြိမ်သက်ခြင်း ရှိခဲ့သည်။ ယခုတွင် ကိုယ်တော်သည် သူထံမှ သင်ယူရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည် - မ၊၁၁း၂၈-၃၀။

XII. ခရစ်တော်သည် ယောနထန် သာ၍ကြီးမြတ်သောသူဖြစ်သည် - ၁၂း၃၉-၄၁၊ ၁၆း၄။

A. ယောနသည် ကိုယ်တော်၏အသေခံခြင်း၊ သင်္ဂြိုဟ်ခံရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့၌ ခရစ်တော်၏ ပုံဆောင်ချက်တစ်ခု ဖြစ်သည် - ၁၂း၃၉-၄၁။

B. ဆိုးညစ်၍ ဖောက်ပြန်သော ယုဒဘာသာနှင့် ဘာသာရေး မျိုးဆက်များအတွက်၊ သခင်ယေရှုသည် သူတို့သည် ယုံကြည်၍၊ ကယ်တင်ခြင်းသို့ ရောက်စေရန်အတွက် အကြီးမားဆုံးသော နိမိတ်လက္ခဏာအဖြစ် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ပါး အခြားဘာမျှ ပြုလိမ့်မည်မဟုတ် - ၁၆း၄။

XIII. ခရစ်တော်သည် စားပွဲအောက်ရှိ မုန့်နှင့် စားနုပ်စားပေါက်များ ဖြစ်သည် - ၁၅း၂၁-၂၈။

A. ဘုရားသခင်၏ စီမံကိန်းသည် အပြင်ပန်းအရာများ မဟုတ်ဘဲ၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွင်းသို့ အစာအဖြစ် ကြွလာခြင်း ဖြစ်သည် - အငယ် ၂၆၊ ၃၄၊ ၃၆။

B. စားပွဲအောက်ရှိ စားနုပ်စားပေါက်များကို စားသကဲ့သို့ပင် ကိုယ်တော်ကို မုန့်အဖြစ် စားသုံးခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် စားသုံးနိုင်သော ခရစ်တော်ကို စားသုံးရန် လိုအပ်သည် - အငယ် ၂၇။

XIV. ခရစ်တော်သည် သူ၏လူသားဖြစ်ခြင်း၌ ကောင်းကင်နှင့် မြေကြီးပေါ်ရှိ အခွင့်အာဏာအားလုံးနှင့်အတူ ရှင်ပြန်ထမြောက်သောအရှင်ဖြစ်တော်မူသည် - ၂၈း၁၈-၁၉။

A. ကိုယ်တော်၏ လူသားဖြစ်ခြင်း၌၊ လူသား၏သားတော်နှင့် ကောင်းကင်ဆိုင်ရာ ရှင်ဘုရင်အဖြစ် ခရစ်တော်သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ပြီးနောက် အခွင့်အာဏာရှိသမျှကို အပ်နှင်းခြင်း ခံရသည် - အငယ် ၁၈။

B. မဿဲဧဝံဂေလိကျမ်းသည် နိုင်ငံတော်နှင့် ဆက်စပ်နေပြီး၊ နိုင်ငံတော်သည် အခွင့်အာဏာရှိရန် လိုအပ်သောကြောင့်၊ မဿဲစာစောင်၌ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် လူမျိုးတကာကို တပည့်ဖြစ်စေရန်အတွက် အခွင့်အာဏာနှင့်ဆိုင်သော ကိစ္စရပ်ဖြစ်သည် - အငယ် ၁၉။

XV. မဿဲဧဝံဂေလိကျမ်းသည် ခရစ်တော်၏ ကြွယ်ဝမှုများနှင့် ပြည့်နှက်နေသည်။ ကျွန်ုပ်တို့သည် အံ့ဩဖွယ်ကောင်း၍ အရာအားလုံးပါဝင်သောအရှင်အဖြစ် ကိုယ်တော်ကို ကိုးကွယ်ရန်၊ မွေ့လျော်ဝမ်းမြောက်ရန်နှင့် တွေ့ကြုံခံစားရန် လိုအပ်သည် - ၂း၁၁။ ၂၈း၉၊ ၁၇။ ၁၇း၅။

© 2026 Living Stream Ministry